နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေ

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂၀/၉၀)

၁၃၅၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်
(၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာလ ၃၁ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်-

အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို သံဃာ့အဖွဲ့အစည်းဆိုင်ရာဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်-

(က) **သံဃာ** ဆိုသည်မှာ ဉတ္တိစတုတ္ထ ဥပသမ္ပဒ ကမ္မဝါစာဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိ၍ အယူသီလ တူမျှသော ရဟန်းအပေါင်းကို ဆိုသည်။

(ခ) **အခြေခံစည်းမျဉ်း** ဆိုသည်မှာ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက အတည်ပြုပြဋ္ဌာန်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းကို ဆိုသည်။

(ဂ) **သံဃာ့အဖွဲ့အစည်း** ဆိုသည်မှာ အခြေခံစည်းမျဉ်းနှင့်အညီ ဖွဲ့စည်းထားသော သံဃာ့ အဖွဲ့အစည်း အဆင့်ဆင့်ကို ဆိုသည်။

(ဃ) **ထေရဝါဒ** ဆိုသည်မှာ ပထမသင်္ဂါယနာမှ ဆဋ္ဌသင်္ဂါယနာအထိ သင်္ဂါယနာ ၆ တန် တင် ထားသော ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ အစရှိသော ပိဋကကို ဆိုသည်။

အခန်း(၂)

## သတ်မှတ်ချက်များ

၃။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ အခြေခံစည်းမျဉ်းအရ သတ်မှတ်ထားသည့် ဂိုဏ်း ပေါင်းစုံပါဝင်သော သံဃာ့အဖွဲ့အစည်း တစ်ခုတည်းသာ ရှိရမည်။

၄။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ ထေရဝါဒသံဃာ့ဂိုဏ်းအသီးသီးမှ သံဃာဟူသမျှသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်းတွင် အဖွဲ့ဝင်များ ဖြစ်သည်။

၅။ သံဃာ့အဖွဲ့အစည်းအတွင်း၌ အခြေခံစည်းမျဉ်းအရ အတည်ပြုထားသော အောက်ပါသံဃာ့ဂိုဏ်း ၉ ဂိုဏ်းတို့သည် မိမိတို့ဂိုဏ်းစည်းကမ်းအတိုင်း လိုက်နာကျင့်သုံးခွင့်ရှိသည်-

(က) သုဓမ္မာဂိုဏ်း

(ခ) ရွှေကျင်ဂိုဏ်း

(ဂ) ဓမ္မာနုဓမ္မ မဟာဒွါရနိကာယဂိုဏ်း

(ဃ) ဓမ္မဝိနယာနုလောမ မူလဒွါရနိကာယဂိုဏ်း

(င) အနောက်ချောင်းဒွါရဂိုဏ်း

(စ) ဝေဠုဝန် နိကာယဂိုဏ်း

(ဆ) စတုဘုမ္မိက မဟာသတိပဋ္ဌာန် ငှက်တွင်းဂိုဏ်း

(ဇ) ဂဏဝိမုတ် ကူးတို့ဂိုဏ်း

(ဈ) ဓမ္မယုတ္တိနိကာယ မဟာရင်ဂိုဏ်း

၆။ ဒေသအလျောက်တည်ရှိသော သံဃာ့ပဝါရဏာ ဂိုဏ်းများသည် ပုဒ်မ ၅ ပါ သံဃာ့ဂိုဏ်းများ တွင် အကျုံးဝင်သည်။

၇။ ပုဒ်မ ၅ ပါ သံဃာ့ဂိုဏ်းများသည် မိမိတို့ သဘောတူရာ ဂိုဏ်းအချင်းချင်း ပူးပေါင်းနိုင်ခွင့် ရှိသည်။

အခန်း(၃)

**တားမြစ်ချက်များ**

၈။ ပုဒ်မ ၅ ပါ သံဃာ့ဂိုဏ်းများမှအပ ဂိုဏ်းသစ်များ ခွဲခြားတည်ဆောက်ခြင်း မပြုရ။

၉။ သက်ဆိုင်ရာ သံဃနာယကအဖွဲ့ တစ်ခုခု၏ ကြီးကြပ်မှုအောက်၌ တည်ရှိသော ဗုဒ္ဓဘာသာ အသင်းအဖွဲ့များ၏ ဩဝါဒါစရိယ သံဃာ့အဖွဲ့များ၊ နာယကသံဃာ့အဖွဲ့များ၊ ထေရဝါဒပရိယတ္တိစာ ပြန်ပွဲ သို့မဟုတ် ပရိယတ္တိစာမေးပွဲများ ကျင်းပပေးသည့် သံဃာ့အဖွဲ့အစည်းများမှအပ သက်ဆိုင်ရာ သံဃနာယကအဖွဲ့ တစ်ခုခု၏ ကြီးကြပ်မှုကို မခံယူသော သံဃာအဖွဲ့အစည်းကို ဖွဲ့စည်းခြင်း မပြုရ။

၁၀။ မည်သူမဆို သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို ပြိုကွဲပျက်စီးစေရန် စည်းရုံးခြင်း၊ လှုံ့ဆော်ခြင်း၊ ဟောပြောခြင်း၊ ရေးသားဖြန့်ချိခြင်း မပြုရ။

၁၁။ ရဟန်း သို့မဟုတ် သာမဏေ တစ်ပါးပါးကို သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်က အရေးယူဆုံးမသည့်အခါ ထိုသို့ ဆုံးမခံ ရသော ပုဂ္ဂိုလ်သည် ဆုံးမသည့်အတိုင်း လိုက်နာရမည်။

## အခန်း(၄)

## ပြစ်ဒဏ်များ

၁၂။ မည်သည့်ရဟန်း သို့မဟုတ် သာမဏေမဆို ပုဒ်မ ၈ သို့မဟုတ် ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် ၆ လမှ အများဆုံး ထောင်ဒဏ် ၃ နှစ်အထိ ကျခံစေရမည်။

၁၃။ မည်သူမဆို ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် အနည်းဆုံး ထောင်ဒဏ် ၆ လမှ အများဆုံး ထောင်ဒဏ် ၃ နှစ်အထိ ကျခံစေရမည်။

၁၄။ မည်သည့်ရဟန်း သို့မဟုတ် သာမဏေမဆို ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်ခံရလျှင် ထောင်ဒဏ် ၆ လ ကျခံစေရမည်။

## အခန်း(၅)

## အထွေထွေ

၁၅။ ဤဥပဒေပုဒ်မ ၁၂ အရ ဖြစ်စေ၊ ပုဒ်မ ၁၃ အရ ဖြစ်စေ တရားစွဲဆိုရန် လိုအပ်ကြောင်း သံဃာ့အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ၊ နိုင်ငံတော်၏ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ အကြောင်းကြားလာလျှင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသည် တရားစွဲဆိုခြင်း ပြုရမည်။

၁၆။ ဤဥပဒေ ပုဒ်မ ၁၄ အရ တရားစွဲဆိုရန် လိုအပ်ကြောင်း သံဃာ့အဖွဲ့အစည်း တစ်ရပ်ရပ်က အကြောင်းကြားလာလျှင် သာသာနရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က ဤကိစ္စအလို့ငှာ တာဝန်လွှဲအပ်ခြင်းခံရသူက သက်ဆိုင်ရာတရားရုံးတွင် ဦးတိုက်လျှောက်ထား တရားစွဲဆိုရမည်။

၁၇။ ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက် ပြည်သူ့ဝန်ထမ်း တစ်ဦးဦးကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း၊ အခြားနည်း အရေးယူခြင်း မပြုရ။

၁၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသည် လိုအပ်လျှင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် ညှိနှိုင်း၍ အမိန့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ)

**စောမောင်**

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့